ဇောတိကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဇောတိကုန်းကျေးရွာ ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

၁။ စကားချီ

၂။ ဇောတိကုန်းကျေးရွာသယံဇာတပြမြေပုံ၊ မိုးညှင်းမြို့နယ်

၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ ပညာရေး

၉။ ကျန်းမားရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၁။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄ / ၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ် တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဧရာတိကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

ဧရာတိကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အောင်တိုက်နှိုးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

အကြောင်းအရာ	ကန်စုတ်ပင်ရိုင်း	ထေဖောဝါရိုင်း	ဆော်လ	စပြစ်လ	မေလ	ဇွန်လ	ဂျူလိုင်	ဩဂုတ်	စက်တင်ဘာလ	အောက်တိုဘာလ	နိုဝင်ဘာလ	ဒီဇင်ဘာလ
ရာသီဥတု	ရေသာ	ရေသာ	နေသာ	နေသာ	အိမ်ဆောင်စတဲ့	မိုးကွာ	မိုးကွာ	မိုးကွာ	မိုးကွာ	အိမ်ဆောင်ဆင်း	နေသာ	နေသာ
ဆားယာမှာကိုင်	ဆင်း	သင့်	များ၊	များ	နည်း၊	နည်း၊	နည်း၊	သင့်	နည်း	သင့်	များ၊	များ၊
ဆေးရောဂါကိုက္ခ	သင့်	သင့်	နည်း၊	နည်း၊	နည်း	နည်း	များ၊	ခေါ၊	များ၊	များ၊	ခေါ	သင့်
ထမင်း/တွက်ရွေ	သင့်	သင့်	များ၊	ခေါ၊	နည်း၊	နည်း၊	နည်း၊	သင့်	နည်း၊	သင့်	များ၊	များ
ဇာဂါငြိုး	မြဲ	မြဲ	မြဲ	မြဲ	များများ	များများ	များများ	မြဲ	မြဲ	ခြဲ	များများ	ခြဲ
ဇာဂါဟောကိုရွှေ့ခြင်း	ခြဲ	မြဲ	ခြဲ	ကြာကာ	ဝက်	ဖွံ့	မြဲ	ခြဲ	မြဲ	မြဲ	မြဲ	ခြဲ
သီးနှံဇာဂါ	ခြဲ	ကိုင်ကွေ့	ခြဲ	ခြဲ	ခြဲ	မြဲ	ခြဲ	ကိုင်ကွေ့	ကိုင်ကွေ့	မြဲ	မြဲ	ခြဲ
သတ္တဝါဘေး	မြဲ	မြဲ	မြဲ	ကေ	ကေ	ပျံတိုင်	ပျံတိုင်း	ကျကြွေ့	ကျကြွေ့	ခြဲ	မြဲ	ခြဲ
ဝမ်းဘဝူးပုံကျ	သင့်	သင့်	ခေါ၊	များ	နည်း၊	နည်း	နည်း	သင့်	နည်း	သင့်	များ	ခေါ
ပေါက်ပွဲစုံမှာ	မြဲ	ခြဲ	ခြဲ	သကြာန်	ပြဲ	ခြဲ	ခြဲ	ခြဲ	မြဲ	သီဘင်း ကျွတ်	ကထိန်	နှစ်သစ်ကူး

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟိုပင်မြို့နှင့် အင်းတော်ကြီးဘုရားကားလမ်းမပေါ်တွင်တည်ရှိသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀ နှင့် ၁၀၀ ဝန်းကျင်အထက်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်သင့် အထောက်အကူဖြစ်သည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်း တွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှု မှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင် စမ်းချောင်းများရှိပြီး ရွာ၏တည်နေရာ အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ မြေပဲ၊ ပဲပုတ် စိုက်ပျိုးထုတ်လုပ်ရန် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေများမှာ အသင့်သင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်သင့်ကောင်းမွန်သည်။ကျေးရွာတွင်သဘာသံယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ နှံးချိုရေလွဲဆည်မှ ဆည်ရေဖြင့် လယ်ဧက ၉၀ ခန့်သာ ရေသွင်းစိုက်ပျိုးနိုင်သည်။ ထွန်ယှက်စိုက်ပျိုးနိုင်သည့် လယ်ဧကရှိပြီး စပါးနှင့် မြေပဲ ၊ ပဲငပိ ကိုသာ အဓိကစိုက်ပျိုးကြသည်

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၈)စုနှင့် ကျား(၄၄)မ(၄၂)ဦးဖြင့် လူဦးရေပေါင်း(၈၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦး နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးနှုန်း နှင့် ကိုက်ညီသည် ကျေးရွာတွင် ဗမာလူမျိုးအများစုနှင့် ရှမ်းနီ အခြားတိုင်းရင်းသားများလည်း နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ရာခိုင်နှုန်းခန့်ရှိသဖြင့် လူသားအရင်း

မြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေးကျင့်သင်ကြားပေးပြီး ဒေသစီးပွား တိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် ၄ ရာခိုင်နှုန်းမျှပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၆၀ ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု အဆင့် အဖြစ် ခံယူကြပြီး ၁၀ ရာခိုင်နှုန်း သည် ချမ်းသာသည်။ အလယ်အလဒ်အဆင့် ၃၀ ရာခိုင်နှုန်းရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမှီမှုလယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်သင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာ အသင့်သင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လက်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက်သမား ၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်၊ စသော အသေးစား အိမ်တွင်လုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်သင့်အဆင်ပြေကြသည်။ ယင်းတို့ အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်း ငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းနှင့်လုပ်သားများ မြေယာမဲ့ အိမ်ယာမဲ့ အိမ်ထောင်စု အရေအတွက်မြင့်မားပြီး၇စရာခိုင်နှုန်းထိရှိကာအလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း ၊ လက်လီ၊ခေါင်းရွက်ဗျက်ထိုး လုပ်ငန်းများ ဆန်ကြိတ်စက်၊ သစ်ခွဲစက် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်.ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀ရာခိုင်နှုန်းဖြစ်သော(၃၁) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့ ၏ ၁၀ ရာခိုင်နှုန်း မှာ သူတပါးထံမှ မချေးမငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း ၁၈ ရာခိုင် နှုန်းမှာ သူတပါးထံမှချေးငှားပြီးနပ်မှန်စားသုံးနိုင်ကြောင်း၁၈ရာခိုင်နှုန်းမှာသူတပါးထံမှမချေးမငှာပဲသုံးလခန့် စားသုံးနိုင်ကြောင်း ၆၀ရာခိုင်နှုန်း ၃လ မှ ၅ လခန့် ၊၁၂ ရာခိုင်နှုန်းမှာ ၆ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း ၊ တွေ့ရှိရသည်။

အိမ်ထောင်စုအားလုံး၏ ၈ ရာခိုင်နှုန်း ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီးထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ အလားသူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု (၂) စုနှင့် မုဆိုးဖို ၊တစ်ခုလပ် အိမ်ထောင်စု (၃)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိကြသည်။သွေးလွန်တုတ်ကွေးရောဂါနှင့် ဌက်ဖျားရောဂါမှာ ယခင်နှစ်ပိုင်းတွင် ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်သင့်ကောင်းမွန်ကြသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း ကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်း ကျောင်း ကျွမ်းကျင်မှုများတွင် နိမ့်ကျဆဲဖြစ်ပြီးလူငယ်၊လူရွယ်များအတွက်အလုပပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်. ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စရပ်များ မတွေ့ရသေးပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိကြသည်ဟု ယေျဘုယျပြောနိုင်သည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေ များက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်လုပ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်း လုပ်အားလျော့နည်းပြီးရသည်. အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။

ကျား/မ တန်းတူ ညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျာ/မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာလူမှုရေးဆိုင်ရာအဖွဲ့အစည်းမှာ(၂)ဖွဲ့ရှိသည်။ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသောလူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည်။အမျိုးသမီးရေးရာအဖွဲ့တို့မှာလှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ အဖွဲ့အစည်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်မွန်လာပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာစပါး၊ မြေပဲ၊ ပဲပုတ် အဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၂၅၃) ရှိပြီး သီးထပ်အဖြစ် မြေပဲ၊ပဲပုတ်တို့ကိုစိုက်ပျိုးကြသည်။စပါးအထွက်မှာဂုဝတင်း၊မြေပဲ(၄၀)တင်း ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်. တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင် အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာတို့ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ဌားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်ရရှိလာကြသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၂၃ ရာခိုင်နှုန်းဝန်းကျင်သာရှိပြီး ဒေသမှ ဝက်များကို မွေးမြူကြသည်။ ဒေသမှ ကြက်မွေးသည့် အိမ်ထောင်စုလည်းတစ်ရွာလုံး၏ ၂၇ ရာခိုင်နှုန်းခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်ေသာ တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်ကြသည်။မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေ ကို အလွယ်တကူမရရှိနိုင်ကြပေ။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်မှုမရှိသေး၍အိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိသေးပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ သယ်ယူပို့ဆောင်ရေးအလုပ်များ ဈေးရောင်း အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှုအနည်းအပါးမှတင့်တင့်အနေအထားတွင်ရှိနေသည်။ လက်လုပ်လက်စားအနေအထားမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေအမှန်ခြင်းစသည့် အားနည်းချက်လည်းရှိသည်။

ကျေးရွာတွင် အလုပ်မလုပ်သောဦးရေမှာ အသင့်သင့်ရှိသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ် ဆံပင်ညှပ် အလှပြင် မော်တော်ဆိုင်ကယ်ပြင် မိုဘိုင်းဖုန်းပြင် ဝပ်လျော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသည်။သို့သော်ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့ နည်းပါးကြသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ်စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာပို့လွှတ်သင့်သည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲ၊ ပဲငုပိများ စိုက်ပျိုးရာတွင် အဖျက်ပိုးများနှင့် ကြွက်များ ကျရောက်သဖြင့် ဓာတုဆေးနှင့် ဓာတုမြေဩဇာများ အသုံးပြုမှုများလာခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ ကျေးရွာပတ်ဝန်းကျင်တွင်း ရေဆိုးရေအိုင်များရှိပြီး ငှက်ပိုးအတွက် အားပေးအားမြောက်ရှိပြီး ကျေးရွာသားများပေါင်းစု ဖြေရှင်းဆောင်ရွက်သင့်သည်။ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သင့်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေကို ၁ နှစ်အတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက ၁သိန်းခွဲ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧက အတွက် ချေးယူနိုင်ကြသည်။ ပုဂ္ဂလိကလာရောက်၍ ထုတ်ချေးသော အတိုးနှုန်းမှာ ၂ ကျပ်ခွဲဖြစ်သည်။

ကျေးရွာသားအများစုသည်ချေးငွေကိုအကြောင်းရင်းမျိုး၌ စုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက်အထူးသဖြင့် စားနပ်ရိက္ခာအတွက်ဈေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ် ချက်များပြားကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်စာသင်ကျောင်းမရှိပါ။နှုံးချိုကျေးရွာရှိစာသင်ကျောင်းတွင်ပညာသင်ကြားရပါသည်။ ရွာသားအားလုံး၏ .၄ ရာခိုင်နှုန်းမှာစာမဖတ်တတ်သူများဖြစ်ပြီး ၁ ရာခိုင်နှုန်းမှာ ဘုန်းတော်ကြီးကျောင် ပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားသည်။

ကျောင်းတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ရွာသူ/ရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုတို့မှာ လက်လှမ်းမမှီပါ။

သောက်ရေအတွက် လက်နှိပ်ရေသုံကင်နှင့် လက်တူးတွင်းသုံးစွဲကြပြီး လုံလောက်မှုရှိသည်။

ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြသည်။တစ်ရွာလုံးနည်းပါးယင်လုံအိမ်သာကိုဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ. ကျေးရွာ ရှိလူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုမရှိသလို ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် ပါဝင်ဆင်နွဲကြသည်။သို့သော်ပါဝင်မှုနည်းသည် အဘယ်ကြောင့်ဆိုသည် သူတို့သည် မူး ယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦးလမ်းတံတား၊လျှပ်စစ်မီးစွမ်းအား၊ သတင်းနှင့်ဆက်သွယ်

ကျေးရွာရှိရွာလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင်းကြသည်။ ကျေးရွာတါင် လျှပ်စစ်မီးကို ၂၀၁၅ နှစ်ကုန်ပိုင်း မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်သည်သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်သင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးပါ။ ရွာသားများသည် သတင်းစာဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော် အသင့်ကောင်းမွန်ကြောင်းတွေ့ရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံးရေး

ကျေးရွာတွင်လူငယ်များသည်မူးယစ်ဆေးဝါးသုံးစွဲမှု တစ်နှစ်ထက်တစ်နှစ်ထက် ပိုမိုများပြားလာမှုကြောင့် ဒုစရိုက်များတစ်နှစ်ထက်တစ်နှစ် များပြားလာသည်။ထို့ကြောင့် ကျေးရွာအတွင်းတည်ငြိမ်အေးချမ်းမှုတစ်နေ့ထက်တစ်နေ့ယုတ်လျော့လာသည်။ထို့ကြောင့်ကျေးရွာတွင်ရွာသူရွာသားများ လုံခြုံရေးအတွက်လည်း အုပ်ချုပ်ရေးမူးနှင့် သက်ဆိုင်ရာဌာ နတို့မှ တာဝန်ဘူဖြေရှင်းပေးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာပြီးလျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသားကျောင်းသူများအတွက်အထောက်အကူပြုစေသည်။ လူနေမှုအဆင့်အတန်းမြှင့်မားလာရေးအတွက် အထောက်အကူပြု သည်။

လူငယ်ပညာတတ်အတင့်တင့်ရှိပြီး လူဦးရေအားလုံး၏ ၇၇ရာခိုင်နှုန်းမှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်သင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောကုသမှုများလိုအပ်လျှင် မိုးညှင်းမြို့ဆေးရုံသို့သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိအနေအထားအတွက်အသင့်သင့်တွင်ရှိသည်။

သဘာဝအရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်တွင်ရှိပြီး မြေဆီဩဇာ အတော်အတင့်ကောင်းမွန်သည်။တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ကြသည်။ မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံအတွက်စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် မိုးစပါး ကို မိုးရေ ချောင်းရေများဖြင့်သာ စိုက်ပျိုးနိုင်သည်။ ကျေးရွာသည် မိုးညှင်းမြို့သို့ကတ္တရာလမ်းဖြင့်ကူးသန်းသွားလာနိုင်သည်။လမ်းပန်းဆက်သွယ်ရေးကောင်မွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင်ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့အဆင်ပြေစေပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အသုံးပြုနိုင်မှုမှာ အသင့်သင့်ကောင်းမွန်ကြပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်သင့်ရှိသည်မှအပ အခြားသံယံဇာတများ မထွက်ရှိပါ။လယ်ယာမြေထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်မြေများအဖို့အထွက်နှုန်းတိုးတက်အောင်

အားစိုက်ရပေမည်။လယ်ယာမြေများတွင်ပိုးသတ်ဆေးကို ခံနိုင်သော ဖျက်ပိုးများကျရောက်တတ်သည်။ ရေလွဲဆည်မှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း ရေသွယ်ရေမြောင်းစိုက်ပျိုးနိုင်မည့် စိုက်ကာတိုးတက်လာစေရန်ဆောင်ရွက်သင့်သည်။ထို့ပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်းပဲပုတ်စသော သီနှံစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦး စီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အထားများရရှိရန်လိုအပ်သည့် ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်းမှာမြင့်မားတတ်သည်။ဘဏ်များမှကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သောအိမ်ထောင်စုများမှာ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အတတ်ရှိနေပါသည်။ ဒေသတွင် လည်း အိမ်တွင်းမှု ကုန်ထုတ်လမ်းလုပ်ငန်းအတွက်ကုန်ကြမ်း အသိပညာ အထိအတွေ့တို့အားနည်းပါသည်။

ကျေးရွာတွင်အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှနရရှိရေးအတွက်အကန့်အတတ်ရှိနေပါသည်။ဒေသတွင်လည်းအိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက်ကုန်ကြမ်း၊ အတတ်ပညာ အထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးများလူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းစေပြီး လူငယ်များ အသိပညာ အတတ်ပညာများ ဖွံ့ဖြိုးလာပြီး မူးယစ်ဆေးအန္တရာယ်မှ ကင်းလွတ်နိုင်စေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအဖွဲ့အစည်းပြီး ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာမြေသားလမ်းမှ ကွန်ကရိလမ်းသို့ပြောင်းလဲနိုင်မည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမျ တဖန်ကျေးရွာတွင်းရှိ လူငယ်လူလတ်များကို နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် လက်တွေ့အသုံးပြုနိုင်အောင် ဆောင်ရွက်မည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်စက်၊ယိုနှင့် မုန့်လုပ်နည်း ဆံပင်ညှပ် စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းသားများသည် ကျွမ်းကျင်မှုများ တိုးပွားရရှိလာပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်.

ခ.၃)ကျေးရွာတွင်စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက်ဆောင်ရွက်မည်။

ခ.၄) ကျေးရွာတွင် လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ပဲပုတ်၊ မြေပဲနှင့် အခြားသီးနှံတို့ကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ဖျက်ပိုးထိရောက်စွာနိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။တခါတရံသီနှံများအပေါ် နှင်းခါး မိုးခါး ကျရောက်လျှင် သီးနှံပျက်စီး တတ်သည်။ ဖျက်ပိုးနိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် အားပျော်သော ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိသဖြင့်အားပြင်းသော ပိုးသတ်ဆေးများကို အသုံးပြုကြပြီး သီးနှံပျက်စီးမှု လျော့နည်းကာဝင်ငွေတိုးတက်မှုကိုဖြစ်စေသည်။ သို့သော်အားပြင်းသော ပိုးသတ်ဆေးများကိုသုံးခြင်းဖြင့် မြေဆီလွှာပျက်စီးမှုဟူသော ဆိုးကျိုးများကိုဖြစ်စေသည်။ ထို့ကြောင့်နည်းပညာစနစ်တကျ အသုံးပြုတတ်ရန် မြေဆီလွှာမပျက်စီး ရန်အတွက် ပိုးမွှားနိမ်နင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးပြီးစိုက်ပျိုးရေး နည်းစနစ်မှန်ကန်သင်ကြားပို့ချမှုများပြုလုပ်ပေးသင့်သည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ ၊ အလယ်အလတ်နှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား

နှင့်အသေးစားလုပ်ငန်းရှင်သည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းအတွက်အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် အသင်းအဖွဲ့ဖွဲ့စည်းထားပြီး မရှိသဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေလိုအပ်သူရွာသားအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးနိုင်မှု အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန်အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ ဈေးကွက် သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု ၊ လက်မှု လုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာ ရှင် တစ်ချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည်ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေရရှိပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာအဓိကသောချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး

ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦ					
	၁။ ကျေးရွာအုပ်စုဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၆၅	၁	- ကျေးလက်ဒေဖသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	
လမ်း၊ တံတား					
	၂။ နှုံးချို-တကွင်းကျေးရွာချင်းဆက် လမ်းအားကွန်ကရစ်လမ်းခင်းခြင်း	၆၀	၂	- ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	
	၃။ နှုံးချိုကွက်သစ်နှင့် နှုံးချိုလမ်းမကြီးကျေးရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်း	၅၀	၃	- ကျေးလက်ဒေဖသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	
ရေရှိရေး					
	၄။ သောက်သုံးရေရရှိရေး (စက်ရေတွင်း)	၄၅	၄	- ကျေးလက်ဒေဖသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။ ကျေးရွာအုပ်စုဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၁	———	———			
၂။ နှုံးချို–တကွင်းကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း	၂	———	———			
၃။ နှုံးချိုကွက်သစ်နှင့် နှုံးချိုလမ်းမကြီးကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း	၃			———	———	
၄။ သောက်သုံးရေရရှိရေး(စက်ရေတွင်း)	၄				———	———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ်ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည်တချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာအုပ်စုဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	√				
၂	နှုံးချို-တကွင်းကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်းခင်းခြင်း			√		
၃	နှုံးချိုကွက်သစ်နှင့် နှုံးချိုလမ်းမကြီးကျေးရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်း			√		
၄	သောက်သုံးရေရရှိရေး(စက်ရေတွင်း)			√		

စီမံချက်ဘတ်ဂျက်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦးခဲ့ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန် ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ—ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း(indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည်၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း(indicator)ကိုတည်ဆောက်ရပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏

